# ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ

(၁) ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်လိုသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သို့ အဆိုပြုတင်ပြခြင်း။

(၂) သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနသို့ စိုက်ခင်းတည်ထောင်လိုသည့် လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအား ဖိတ်ကြားတွေ့ဆုံ၍ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ ဧရိယာ ကန့်သတ်ချက်များ (၁၀၀ ဧကထိသာ)၊ သစ်တောစိုက်ခင်းတည်ထောင်မည့် လုပ်ငန်းစဉ်များ၊ စည်းကမ်းချက်များ၊ ဆောင်ရန်၊ ရှောင်ရန်တို့အား ဆွေးနွေးရှင်းလင်းပြီး လုပ်ငန်းရှင်တို့၏ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် ဆန္ဒသဘောထားအပေါ် အကြံပြုဆွေးနွေးရန်နှင့် ကွင်းဆင်းစစ်ဆေးတင်ပြရန် အကြောင်းကြားခြင်း။

(၃) လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ သစ်တောဦးစီးဌာန၏ အကြံဉာဏ်များ ရယူပြီး လုပ်ငန်းစီမံချက်ရေးဆွဲ၍ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သို့ တင်ပြခြင်း။

(၄) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ လုပ်ငန်းစီမံချက်ကို အတည်ပြုပါက လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့မှ သစ်မာစိုက်ခင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ထုတ်ပြန်ခြင်း။

(၅) သစ်တောဦးစီးဌာနနှင့် လုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတို့မှ လုပ်ငန်းစီမံချက်ပါအတိုင်း နှစ်အလိုက်စိုက်ပျိုးပြီးစီးသည့် ပမာဏ(ဧက)အား စစ်ဆေးအတည်ပြု၍ သက်ဆိုင်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင် စာချုပ်ချုပ်ဆိုခြင်း။